# ငါ့ဘဝ
# ငါသာသခင် ငါသာဘုရင်

မောင်ပေါ်ထွန်း(မြန်မာပြန်သည်)



MAKING YOURSELF by Orison Swett Marden

ဒုတိယအကြိမ်

# အမှာ စကား

ဤစာအုပ်သည် ကမ္ဘာကျော် အမေရိကန် တက်ကျမ်း ဆရာကြီးသြ ရစ်ဆန် ဆွက်မာဒင် ရေးသားသော "Making Yourself"စာအုပ်ကို ဆီလျော်အောင် မြန်မာပြန်ဆိုထားခြင်း ဖြစ်ပါသည် ။

ပထမဦးစွာ ယင်းစာအုပ်ကို "ပန်းဝေသီ" မဂ္ဂဇင်းတွင် အခန်းဆက်ဆောင်းပါးစဉ်အဖြစ် ဖော်ပြခဲ့ပါသည် ။ ယခုအခါ စာဖတ်ပရိသတ်များ တစ်စုတစ်လုံးတည်း ဖတ်ရှုနိုင်ရန် စာအုပ်အဖြစ် ထုတ်ဝေပါသည် ။

မဂ္ဂဇင်းတွင် ဖော်ပြခဲ့စဉ်က "ကိုယ့်အားကိုယ်ကိုး ကြီးပွားရေး"ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သော်လည်း ယခု စာအုပ်အဖြစ် ထုတ်ဝေသောအခါ "ငွေဘဝ ငါသာသခင် ငါသာဘုရင်" ဟူ၍ ပြောင်းလဲ လိုက်ပါသည် ။ ယင်းသို့ ပြောင်းလဲရခြင်းမှာ မူလနာမည်ကို ယခင် ကျွန်တော်ပြန်ဆို ထုတ်ဝေခဲ့ဖူးသော "ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး" စာအုပ်၏ နာမည်နှင့် ရောထွေး မှတ်ယူကြမည် စိုးသောကြောင့် ဖြစ်ပါသည် ။ ယခုကဲ့သို့ နာမည်ပြောင်းလဲခြင်းကို စာဖတ် ပရိသတ်များ ခွင့်လွှတ်ကြပါရန် လေးစားစွာ တောင်းပန်အပ်ပါသည် ။

မိတ်ဆွေ စာဖတ်သူသည် ဤစာအုပ်ကို ဖတ်ရှု၍ မိမိဘဝကြီးပွားတိုးတက်လိုသော ဆန္ဒ ပေါ်ပေါက်လာသည် ဆိုလျှင်ပင် ဘာသာပြန်ဆိုသူနှင့် ထုတ်ဝေသူတို့ အနေဖြင့် ကျေနပ် ဝမ်းသာလှပါပြီ။

မောင်ပေါ်ထွန်း

ဇူလိုင် ၂၃၊ ၁၉၉၅

***

## [ ၁ ]

## ကိုယ့်ဘဝ ကိုယ်ဖန်တီးပါ

"အတ္တာဟိ အတ္တနော နာထော

(မိမိကိုယ်သာ ကိုးကွယ်ရာ)"

**ဗုဒ္ဓ**

"ကျွန်ုပ်သည် အရာရာကို ကောင်းအောင် လုပ်သလို ကိုယ့်ကိုယ်ကို ယ်လည်း ကောင်းအောင် လုပ်၏။ သို့ဆိုလျှင်အခြား ဘာမျှ လုပ်စရာ မလိုတော့ချေ။

**ယွန်ပေါ်ရစ်ချတား (၁၇၆၃ - ၁၈၂၆)**

**ဂျာမန် ဟာသပညာရှင်**

တစ်ခါတုန်းက စီးပွားရေး လုပ်ငန်းရှင် တစ်စုနှင့် ခရစ်ယာန် ခင်ကြီးတစ်ပါးတို့ ဆုံကြရာတွင် ကိုယ့်အားကိုယ်ကိုး နည်းဖြင့် ကြီးပွား အောင် ကြိုးစားလာကြသူတွေ အကြောင်း ဆွေးနွေးဖြစ်ကြသည် ။

စီးပွားရေး လုပ်ငန်းရှင်များက သူတို့ အားလုံး ကိုယ့်အားကိုယ်ကိုး ကြီးပွား လာကြသူတွေချည်း ဖြစ်ကြပါသည် ဟု ထုတ်ဖော် ပြောပြကြ သည် ။ ဤတွင် အိမ်ရှင်ဖြစ်သူက

"အခု ဒီပုဂ္ဂိုလ် အားလုံးထဲမှာ ခင်ကြီးက လွဲရင် အားလုံး ကိုယ့်အား

ကိုယ်ကိုး ကြီးပွားလာကြသူတွေ ချည်းပါပဲ"

ဟု ပြောလိုက်သည် ။ ထိုအခါ ခင်ကြီးက-

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကျုပ်ကတော့ ကိုယ့်အား ကိုယ်ကိုးနည်းနဲ့ အောင်မြင်လာသူ မဟုတ်ပါဘူး"

ဟူ၍ ပြန်ပြော လိုက်လေသည် ။

တကယ်တော့ လောကတွင် သက်ရှိသက်မဲ့ အရာအားလုံးသည် ဒုက္ခ သုက္ခနှင့် အခက်အခဲ အနည်းနှင့်အများကို ကျော်လွှားကာ အနိမ့်ဆုံးအ ဆင့်မှ အမြင့်ဆုံးအဆင့်သို့ အနှေးနှင့်အမြန် တက်လာ ရောက်လာရသူချည်း ဖြစ်သည် ။

ဤသည် ကား လောကနိယာမ တရားကြီးပင်တည်း။ လူသားသည် လည်း ဤတရားသဘော အတိုင်းပင်။ အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံး အ ဆင့်သို့ ရောက်ရှိလာခြင်း ဖြစ်သည် ။

လူသားသည် ကလေးဘဝ၊ လူငယ်ဘဝ၊ လူကြီးဘဝ၊ လူအိုဘဝဟူ ၍ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်း လာခဲ့ရသည် ။

ယင်းသို့ အဆင့်ဆင့် တက်လှမ်းလာရာတွင် သဘာဝက ပေးထား သော ရုပ်ဝတ္ထုများကို ပို၍ တိုးတက် ကောင်းမွန်အောင် ကြိုးစား လုပ် ကိုင်ရင်းဖြင့် မိမိကိုယ်မိမိ လောကတွင် တန်ဖိုးရှိသော လူတစ်လုံး သူတ စ်လုံးဖြစ်အောင် ဖန်တီးရသည် ။

ဤသည် ပင်လျှင် လူသား၏ အဓိကပြဿနာ ဖြစ်သည် ၊ အဓိကလု ပ်ငန်း ဖြစ်သည် ။ လူသားသည် ဤလုပ်ငန်းကို ဘဝတစ်လျှောက်လုံးအမြဲမပြတ် လုပ်နေရသည် ။

"လူတိုင်းရဲ့ ရည်မှန်းချက်ဟာ ဟန်ချက်ညီပြီး ပြည့်စုံ တည်မြဲတဲ့

အမြင့်ဆုံး တိုးတက်မှုကို ရဖို့ ပဲ ဖြစ်တယ်"

ဟု ဂျာမန် သိပ္ပံပညာရှင်နှင့် သဘာဝတ္တ ပညာရှင်ကြီး ဟွမ်းတော့(၁၇၆၉ - ၁၈၅၉) က ပြောခဲ့ဖူးသည် ။

သို့သော်လည်း လူများ စုသည် ကိုယ်စွမ်းကိုယ်စကို မသိကြ၊ ကိုယ့်ခန္ဓာကိုယ် ထဲတွင် ကိန်းအောင်းနေသော အရည်အချင်းတွေ အများ စုကို သတိမပြုမိကြ။ လူနည်းစုကမူ ထိုအရည်အချင်းတွေကို သိတော့ သိကြသည် ၊ သို့သော် မဖော်ထုတ်လိုကြ။ ထို့ကြောင့်လည်း လောကတွင် လူများ စုကြီးသည် တိုးတက်အောင်မြင်မှု မရှိကြခြင်း ဖြစ်သည် ။

"ကိုယ်စွမ်းကိုယ်စကို ယုံပါ" ဟု လူတွေကို တိုက်တွန်း၍ အလွန်လွယ်သည် ။ သို့သော် ယုံအောင် လုပ်ဖို့ ကျတော့ အလွန်ခက်သည် ။ ဤအလုပ်က သူများ ပြော၍ မရ၊ သူများ လုပ်ပေး၍ မဖြစ်။ ကိုယ့်အား ကိုယ်ကိုးနည်းဖြင့် ကိုယ်တိုင်လုပ်မှ ရသည် ၊ ဖြစ်သည် ။

"ကိုယ်စွမ်းကိုယ်စကို ရှာဖွေသိရှိခြင်း" သည် လူ့ဘဝ တိုးတက်ရေးတွင် အရေးအကြီးဆုံးသော ပထမဆုံး လုပ်ရပ် ဖြစ်သည် ။ ကြီးပွားတိုးတက် လိုသူသည် "ငါ့မှာ ဘာအရည်အချင်းတွေ ရှိသလဲ၊ ဘာ ကိုယ်စွမ်းကိုယ်စတွေ ရှိသလဲ" ဟု ကိုယ့်ကိုယ်ကိုယ် ရှာဖွေ ဆန်းစစ်ရသည် ၊ စာရင်း ကောက်ရသည် ။

လူတိုင်းတွင် အစွမ်းအစတွေ၊ အရည်အချင်းတွေ ရှိကြရာတွင် နည်းပါးချင် နည်းပါးမည်၊ များ ပြားချင် များ ပြားမည်၊ သေးငယ်ချင်လည်း သေးငယ်မည်၊ ကြီးကျယ်ချင်လည်း ကြီးကျယ်မည်။ နည်းပါး၍ သေးငယ်သော်လည်း အကြောင်းမဟုတ်။ ကြိုးစား ဖြည့်ဆည်းလျှင် တိုးပွားလာနိုင်သည် ၊ အများကြီး ဖြစ်လာနိုင်သည် ။

ဤသည် ပင်လျှင် ကျွန်ုပ်တို့ ၏ အဓိကအလုပ် ဖြစ်သည် ။ လူသား

သည် ဤလောကသို့ ရောက်လာသည် မှာ သဘာဝက ပေးသော အရည်အချင်းများကို တိုးပွားအောင် လုပ်ရန် လာခြင်း ဖြစ်သည် ။

တကယ်ဆိုလျှင် စစ်မှန်သော ပညာဆည်းပူးခြင်း ဆိုသည် မှာ မိမိကိုယ် မိမိ စိတ်အားထက်သန်စွာ လေ့လာ ဆန်းစစ်ကာ လိုအပ်ချက်များကို စနစ်တကျ ဖြည့်ဆည်းခြင်းပင် ဖြစ်သည် ။

မိမိ၏ ကိုယ်စွမ်းကိုယ်စကို အစဉ်တစိုက် ကြိုးစား ဖော်ထုတ်နိုင်သူအတွက် လောကတွင် "မဖြစ်နိုင်" ဟူသော အရာ မရှိနိုင်ပါချေ။

ကိုယ်စွမ်းကိုယ်စကို ဖော်ထုတ်ခြင်းနှင့် ကိုယ့်အားကိုယ်ကိုး ကြီးပွား ရေးတို့ သည် တစ်ခုနှင့်တစ်ခု ဒွန်တွဲနေသည် ။ ကိုယ်စွမ်းကိုယ်စကို ဖော်ထုတ်သူအဖို့ ကြိုးစားမှုတိုင်းသည် တိုးတက်မှု ရှိသည် ။ ဤနည်းဖြင့် သူ့ကိုယ်သူ ပို၍ ပို၍ တိုးတက်အောင် လုပ်ဆောင်သွားသည် ။

သို့သော် လူငယ် တစ်ယောက်သည် ဗီဇအားဖြင့် ဘယ်လောက်တော်သည် ၊ ဘယ်လောက် အရည်အချင်းရှိသည် ဟူသော အချက်မှာ အဓိကမဟုတ်။ ထိုအရည်အချင်းသည် ဘာမှ မလုပ်ဘဲ ပစ်ထားလျှင် ဘာမှ မဖြစ်နိုင်။

ရွှေတွင်းများမှ ရွှေရရန် မြေကြီးတွေ အများကြီးကို ဖြိုရသည် ။ တူးရသည် ။ လူတွေက ချွေးထွက်သံယို ပင်ပန်းခံ၍ အကြာကြီး တူးဆွ ရှာဖွေရသည် ။ ထို့အတူ လူတစ်ယောက်၏ အတွင်းသန္တာန်တွင် ငုပ်နေ၊ မြုပ်နေသည့် ကိုယ်စွမ်းကိုယ်စနှင့် အရည်အသွေးကိုလည်း တကူးတက ရှာဖွေ ဖော်ထုတ်မှ သာလျှင် တိုးတက် ကြီးပွားနိုင်သည် ၊ အောင်မြင်နိုင်သည် ။

သို့သော်လည်း လူများ စုသည် ကိုယ်စွမ်းကိုယ်စကို မဖော်ထုတ်ဘဲ"

လူ့ဘဝမှာ လုပ်တိုင်းဖြစ်တာ မဟုတ်ပါဘူး၊ လူတိုင်းလူတိုင်း သူ့ကံနဲ့ သူလာကြသူတွေပါ" ဟူ၍ တွေးတတ်ကြတာကတော့ တော်တော်ဝမ်းနည်းစရာ ကောင်းသည် ။

သူတို့ က "လူ့ဘဝဆိုတာ ဖြစ်ချင်ရင် သူ့ဟာသူ ဖြစ်လာမှာ ပါ"ဟု ခံယူကြသည် ။ သူတို့ ခံယူသလို သူ့ဟာသူသာ ဖြစ်လာမည် ဆိုလျှင် လောကမှာ ပင်ပန်းခံပြီး ဘာလုပ်နေစရာ လိုသေးသနည်း။

တကယ်တော့ ဤအယူအဆသည် ကိုယ့်ဘဝကို ကိုယ်သတ်သော အယူအဆသာ ဖြစ်သည် ။ ကိုယ်စွမ်းကိုယ်စ တုံးသူတို့ ၏ အတွေးအမြင်သာ ဖြစ်သည် ။

မှန်ပါသည် ။ လောကတွင် အချို့လူများက ရွှေဇွန်း ကိုက်၍ မွေးလာကြသလို၊ အချို့သူများက သစ်သားဇွန်း ကိုက်၍ မွေးလာကြသည် ။ သို့သော်လည်း မည်သူမျှ တစ်ချက်လွှတ် အာဏာရှင် ကံကြမ္မာ၏ ရုပ်သေးရုပ်များ မဟုတ်ကြချေ။ လူတစ်ယောက်သည် ဘယ်လောက်ပင် ဆင်းရဲ ဆင်းရဲ၊ ဘယ်လောက်ပင် ချို့တဲ့ ချို့တဲ့ ၊ သူ့တွင် သူ့ကံကြမ္မာကို သူဖန်တီးနိုင်သော စွမ်းအားတွေ ရှိနေသည် ။

မည်သူမဆို မှန်ကန်စွာ အားထုတ်လျှင် ကံကြမ္မာ၏ သားကောင် မဖြစ်ဘဲ ကံကြမ္မာ၏ သခင် ဖြစ်နိုင်သည် ။

"လူတစ်ယောက်သည် ပြင်ပအကူအညီ အားလုံး ကင်းရှင်းပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်မှ သာလျှင် စွမ်းအားရှိသူ၊ အောင်မြင်သူဟူ၍ ကျွန်ုပ် ယူဆသည် " ဟု အမေရိကန် ပညာရှင်ကြီး အီမာဆင် (၁၈၀၃၈၂) က ဆိုခဲ့၏။

ထိုစကားသည် အလွန်မှန်သည် ။ ထိုစကားသည် အခက်အခဲများကို ကျော်လွှား၍ အောင်ပွဲခံနိုင်သူတို့ ၏ အောင်မြင်ရေး လျှို့ဝှက်ချက်ပင် ဖြ

စ်သည် ။

လူတစ်ယောက်သည် မိမိ၏ မွေးရာပါ စွမ်းရည်များကို သိမြင်ကာ အောင်မြင်မှု ပန်းတိုင်သို့ ချီတက်လျှင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ရှိလာသည် ။ အားနည်းခြင်း၊ သူရဲဘော ကြောင်ခြင်း၊ ထုံထိုင်းခြင်းတို့ကို မောင်းထုတ် လာနိုင်မည်။

သို့သော်လည်း ကိုယ့်အားကိုယ်ကိုး ကြီးပွား တိုးတက်အောင် လုပ်ခြင်းသည် လွယ်ကူသော အလုပ်တော့ မဟုတ်။ အပင်ပန်း ခံရသည် ။ ဇွဲရှိရသည် ၊ စွန့်လွှတ်ရသည် ။ လူ့ဘဝသည် ရွှံ့နှင့် တည်ဆောက်ထားခြင်း မဟုတ်၊ သံနှင့် တည်ဆောက်ထားခြင်း ဖြစ်သည် ။ ထို့ကြောင့် ကိုယ်လိုချင်သော ပုံစံကို ရအောင် မှန်မှန် ထုယူရသည် ၊ ပြင်းပြင်း ထုယူရသည် ။

ကျွန်ုပ်တို့ အားလုံးပင် အမြင့်ဆုံး အဆင့်ကို ရလိုကြသည် ။ သို့သော် ထိုအဆင့်နှင့် ထိုက်တန်သော တန်ဖိုး သို့မဟုတ် အရင်းအနှီးကို ကျွန်ုပ်တို့ ဘယ်လောက်အထိ ပေးနိုင်ကြပါသနည်း။ ထိုအဆင့်နှင့် ထိုက်တန်သော ကိုယ်စွမ်းကိုယ်စကို ဘယ်အတိုင်းအတာအထိ ဖော်ထုတ်နိုင်ကြပါသနည်း။ ဦးနှောက်၊ နှလုံးသား၊ စေတနာနှင့် ကာယ စွမ်းအားတို့ကို မည်မျှအထိ အသုံးချနိုင် ကြပါသနည်း။

အကောင်းဆုံး၊ အလှဆုံး ပန်းဥယျာဉ်ကြီးကို လိုချင်လျှင် ပထမဦးစွာ ပင်ပန်းခံ၍ ပေါင်းရှင်းရသည် ၊ မြေဆွရသည် ။ စိုက်ပျိုးရသည် ၊ မြေတောင် မြှောက်ရသည် ၊ ရေလောင်းရသည် ။ လောကတွင် လူတိုင်းလူတိုင်း သူ့အခြေအနေ၊ သူ့ အဆင့်အတန်း အလိုက် အသိပညာ၊ အတတ်ပညာ အနည်းနှင့်အများ ရှိကြသည် ချည်း ဖြစ်သည် ။ အချို့တွင် ကျောင်းသင်ပညာ ရှိကြသည် ။ အချို့မှာ ဘဝအတွေ့အကြုံ ပ

ညာရှိကြသည် ။

လူတိုင်းလူတိုင်းသည် မိမိတို့ ၏ အသိပညာ၊ အတတ်ပညာ အဆင့် အတန်းအလျောက် အလုပ်အကိုင် အမျိုးမျိုးကို မျှော်မှန်းကြသည် ။ ရချင်ကြသည် ။

သို့သော် ထိုအလုပ်ကို ရနိုင်လောက်သော အားထုတ်မှု၊ စွဲမြဲမှု၊ စွန့်လွှတ်မှုမျိုးကား လူတိုင်းတွင် မရှိကြ။

တစ်ခါတုန်းက ပြင်သစ်နိုင်ငံတွင် ဘောလဇက် အမည်ရှိ လူငယ် တစ်ယောက်သည် စာရေးဆရာ အလွန် ဖြစ်ချင်သည် ။ သို့သော် သူ့ ဖခင် ကဖျက်သည် ။

"စာရေးဆရာ လုပ်ရင်မင်း (ဘုရင်) ဖြစ်ရင် ဖြစ်၊ မဖြစ်ရင် သူတောင်းစား ဖြစ်လိမ့်မယ်"

ဟု ဖခင်ဖြစ်သူက ဆိုသည် ။ ထိုအခါ ဘောလဇက်က အလျှော့မပေးဘဲ

"ကျွန်တော်က ဘုရင်ဖြစ်အောင် ကြိုးစားမယ်"

ဟု ပြတ်ပြတ်သားသား ပြန်ပြောလိုက်သည် ။

သို့ဖြင့် မိဘများက သားဖြစ်သူအား ဘယ်လိုမှ တား၍ မရတော့သည့် အဆုံး သူ လုပ်ချင်ရာ လုပ်ပါစေတော့ ဟူ၍ လွှတ်ပေး လိုက်ရတော့သည် ။

ဘောလဇက်သည် စာပေလောကသို့ ခြေစုံပစ် ဝင်လိုက်ပြီး ဆယ်နှစ်လုံးလုံး မအိပ်မနေ ကြိုးစားသည် ။ အငတ်ငတ် အပြတ်ပြတ်ဖြင့် အလွန် ဆင်းရဲဒုက္ခ ရောက်ရသည် ။

သို့သော် သူသည် နောက်ကို ပြန်မလှည့်၊ ရှေ့ကိုသာ ဆက်သွားသည်။ သူ့ဆုံးဖြတ်ချက်အတိုင်း မဆုတ်မနစ် အားစိုက် လုပ်ဆောင်သည်။ ဤသည် မှာ သူသည် သူဖြစ်ချင်သော လုပ်ငန်းအတွက် တန်ရာတန်ဖိုးကိုပေးခြင်းပင် ဖြစ်သည်။

သို့ကြောင့်လည်း နောက်ဆုံး တစ်နေ့တွင် သူသည် ကမ္ဘာကျော် စာရေးဆရာကြီး အဖြစ် ကမ္ဘာ့ဂန္ထဝင်တွင် မော်ကွန်းတင် ခံခဲ့ရလေသည်။ ယနေ့ ကမ္ဘာပေါ်တွင် စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနှင့် စာပေအနုပညာ စသော လုပ်ငန်း အသီးသီးတွင် ထိပ်တန်း ရောက်နေသူများ သည် ဘောလဇက် ကဲ့သို့သော လူစားမျိုးတွေ ချည်းပင် ဖြစ်သည်။

သူတို့ သည် သူတို့ လိုချင်သော ပစ္စည်းကို အလကား မယူကြ။ အလကားယူ၍ မရနိုင်သည် ကိုလည်း သူတို့ သိကြသည်။ ထို့ကြောင့် တန်ရာတန်ဖိုးကို ပေး၍ သာ ရယူကြသည်။

ဤသဘောတရားသည် လူတိုင်းအတွက် မှန်ကန်သည်။ အောင်မြင်မှုကို ကိုယ်စွမ်းကိုယ်စဖြင့်သာ ရနိုင်သည်။ ကိုယ့်အားကိုယ်ကိုး ကြိုးစားခြင်းဖြင့်သာ ရနိုင်သည်။

အောင်မြင်မှုကို လက်ဆောင်ပေး၍ မရ၊ အမွေပေး၍ မရ။ ကိုယ်တိုင်လုပ်မှ ရသည်။ အောင်မြင်မှု၏ တန်ဖိုးသည် ပင်ပန်းခံ၍ အစဉ်တစိုက် ကြိုးစားလုပ်ကိုင်ခြင်း ဖြစ်သည်။

ထို့ကြောင့် လောကတွင် မိမိ ဘာလုပ်ချင်သလဲ၊ ဘာဖြစ်ချင်သလဲ။ မိမိ၏ ကိုယ်စွမ်း ဉာဏ်စွမ်းကို ထိုအရာ အတွက်သာ မြှုပ်နှံ အသုံးချပါ။ ဘယ်လို အခက်အခဲကိုမဆို ကျော်ဖြတ်၍ အောင်ပန်း ဆွတ်နိုင်မည် သာတည်း။

***